# ပုဂ္ဂိုလ်သုံးပါးဘုရားတစ်ဆူပွဲနေ့

ရှင်ယောဟန် ၃း၁၆ - ၁၈

ကျနော်တို့ဟာ ကွဲပြားနေတဲ့အသိုင်းအဝိုင်းမှာ နေ နေကြတယ်။ အင်တာနက်ခေတ်မှာ လူတွေက ပိုပြီးဆက်သွယ်ရေးကောင်းလို့ တစ်ယောက်နဲ့တစ်ယောက် နီးကပ်လာရမည့်အစား ဆက်ဆံရေးတွေ ပျက်လာကြတယ်၊ ကွဲလာကြတယ်။ ဟုတ်တယ်လေ၊ တစ်ယောက်နဲ့တစ်ယောက် လူလူချင်း စကားပြောနိုင်ရမည့်အစား Email နဲ့ပဲ စာပို့ကြတယ်၊ Messager ကပဲ စာပို့ကြတယ်။ ကိုယ်ချစ်တဲ့သူနဲ့ အချိန်ပေးပြီး စကားလက်ဆုံ ပြောရမည့်အစား ကိုယ့်ဖုန်းနဲ့ကိုယ် ကြည့်နေကြလို့ အချိန်မပေးနိုင်ကြပါဘူး။ Facebook တွေ ၊ YouTube တွေ သုံးပြီး လူတစ်ယောက်ကို ခွန်အားဖြစ်စေမည့် စကားတွေ မပြောပဲ၊ သူတစ်ပါး မကောင်းကြောင်းနဲ့ သတင်းအမှားတွေ ဖြန့်ဖို့၊ နာမည်ဖျက်ဖို့ တွင်တွင်ကျယ်ကျယ် သုံးလာကြတယ်။ လူတစ်ယောက်က အမှားလုပ်မိရင် အဲဒီလူကို နာမည်ပျက်စေဖို့ Facebook တွေ၊ YouTube တွေ သုံးကြတယ်။ လူတွေလည်း Facebook တွေ ၊ YouTube တွေ ကြည့်ပြီး ကြောက်လာကြတယ်၊ မုန်းလာကြတယ်။ သတင်းအမှားတွေတင်ပြီး ဝါဒဖြန့်ကြတယ်။

လူက ကိုယ်လုပ်ချင်ရာပဲ လုပ်လို့ အသိုင်းအဝိုင်းကို ဘယ်လိုထိခိုက် ထိခိုက် ဆက်လုပ်တာပဲ။ ငါ အခုလိုလုပ်လိုက်လို့ အသိုင်းအဝိုင်းက စိတ်ပျက်သွားမှာ၊ စိတ်ဆင်းရဲသွားမယ်ဆိုတာတွေကို ထည့်မစဉ်းစားတော့ဘူး။ ဒါ ကိုယ့်အခွင့်အရေးပဲကွ ဆိုပြီး ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို ထည့်မစဉ်းစားကြပါဘူး။ ဒါနဲ့ လူတွေဟာ တစ်ကိုယ်ကောင်းစိတ်ပဲ ရှိလာကြတယ်။ ကြမ်းတမ်းလာကြတယ်။ ကိုယ်ကျိုးအတွက် လူတွေကို အသုံးချလာကြတယ်။ လူတွေဟာ အချစ်ခံကြရမည့်အစား အသုံးချခံကြရပါတယ်။

ဒီလို ပျက်စီးလာရတဲ့အကြောင်းအရင်းက ဘာလဲ သိလား။ ဘုရားတရားမရှိတဲ့ အသိုင်းအဝိုင်း ဖြစ်လာလို့ပါပဲ။ အတုယူစရာ မရှိ၊ စံထားစရာ မရှိ ဖြစ်နေကြတယ်။ အကယ်၍ လူက သူ စံထားပြီး အတုယူစရာ ရှိရင် သူ မပျက်စီးနိုင်ပါဘူး။ ဘုရားကို ယုံကြည်တဲ့သူ ဖြစ်ရင်တော့ သူ ကိုးကွယ်ရာ ဘုရားရဲ့ အဆုံးအမနဲ့ သူ မပျက်စီးနိုင်ပါဘူး။ ဒီလိုချစ်တတ်တဲ့ဘုရားကို သူက ယုံကြည်ဆည်းကပ်ရင် သူလည်း ချစ်တတ်တာကို အတုယူမှာပေါ့။ အတုမယူဘူးဆိုရင်တော့ သူက ဘုရားကို အပေါ်ယံပဲ ကိုးကွယ်လို့ နေမှာပေါ့။

ကျနော်တို့မှာ အားကျစရာ အတုယူစရာ မရှိရင်တော့ လောကရဲ့ ဆွဲဆောင်မှုနောက်ကို အားကျပြီး လိုက်သွားမှာပဲ။ မဟုတ်မမှန်တာတွေ သူက အတုယူတော့မှာပဲ။ ဒါကြောင့် သင်က အိန္ဒိယက မာသယ်ထရေးဇားကိုပဲ အတုယူမလား / အာဏာရှင် ဆာတန်ဟူစိန်ကိုပဲ အတုယူမှာလား။ ကွာခြားမှုက အလွန်ကြီးမားတယ်။

မာသယ်ထရေးဇားတို့ တခြားရဟန္တာတို့ ကောင်းတယ်ဆိုတာ ဘုရားရဲ့ အရိပ်အယောင်လောက်ပဲ ရှိပါသေးတယ်။ ဘုရားဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ။ ယနေ့ ပထမကျမ်းစာ ထွက်မြောက်ရာကျမ်း ၃၄ မှာ ဘုရားဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲဆိုတာ မိုးဇယ်က အခုလို ဖော်ပြထားပါတယ်။ ဘုရားဆိုတာ ကြင်နာသနားတတ်တယ်၊ ကျေးဇူးပြုတတ်တယ် ဆိုလိုတာက

လူတွေအတွက် ကောင်းကျိုးလုပ်ပေးတယ်။ စိတ်ရှည်သည်းခံတတ်တယ်။ အစဉ်အမြဲ ချစ်တတ်တယ်။ သစ္စာတည်ကြည်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်လို့ မိုးဇယ်က ဆိုထားပါတယ်။ ဘယ်ဘာသာက ကိုးကွယ်တဲ့ဘုရားမဆို သူတစ်ပါးကို ချစ်ဖို့ပဲ သွန်သင်ဟောပြောကြတာချည်းရဲ့ပါ။ ပေးကမ်းစွန့်ကြဖို့ အကူအညီပေးဖို့ပဲ သွန်သင်ကြတာပါ။ ခွင့်လွှတ်ဖို့ပဲ သင်ပေးတာပါပဲ။ ကိုယ်က ဘုရားအပေါ် ဘယ်လိုယုံကြည်နေတာလဲဆိုတဲ့အပေါ်မူတည်ပြီး ကိုယ်က သူတစ်ပါးတွေကို ဆက်ဆံလေ့ရှိပါတယ်။ ဘုရားကို အရေးမထားတဲ့သူကတော့ သူတစ်ပါးတွေကိုလည်း ချစ်မှာ မဟုတ်ဘူး။ သတ်ဖို့ဖြတ်ဖို့လည်း ဝန်မလေးဘူး။ လုယက်ဖို့လည်း လက်မနှေးဘူး။ အဲလိုပဲ ဘုရားဆီက ခွင့်လွှတ်ခြင်း ခံစားရတဲ့သူက သူတစ်ပါးကိုလည်း အဲ့လို ခွင့်လွှတ်တတ်ပါတယ်။

ယနေ့ ဧဝံဂေလိကျမ်းစာမှာ ဘုရားကို ချစ်ခြင်းမေတ္တာအဖြစ် ဖော်ပြပေးထားပါတယ်။ "ဘုရားသခင်သည် ကမ္ဘာလောကသားတွေကို လွန်စွာချစ်တော်မူသောကြောင့် မိမိ၏တစ်ပါးတည်းသောသားတော်ကို ပေးအပ်တော်မူ၏" တဲ့။ ဘုရားကို ချစ်တတ်တဲ့ပုဂ္ဂိုလ်အဖြစ် ဖော်ပြတဲ့အခါ ချစ်ခြင်းဆိုတာ ဘာအတွက်လဲ၊ ဆက်ဆံရေးအတွက် မဟုတ်ဘူးလား၊ ချစ်တတ်တဲ့လူက ဆက်ဆံရေးကောင်းတယ်လေ။ ချစ်တယ်ဆိုလို့ ဘုရားက သူ့ကိုယ်သူ ချစ်တာကို ပြောတာလား ဒါဆို တစ်ကိုယ်ကောင်းဆံတာ ဖြစ်သွားမှာပေ့ါ။ ချစ်တယ်ဆိုတာက သူတစ်ပါးကို သူများကို ချစ်တာကိုပဲ ပြောတာ။ ဘယ့်နဲ့ ဘုရားက တစ်ကိုယ်ကောင်းဆံဆံ ကိုယ့်ကိုယ်ကိုပဲ ချစ်ပ့ါမလား။

ဘုရားမှာ သူတစ်ပါးကို ချစ်နိုင်ဖို့အတွက် သူတစ်ပါးတွေက တည်ရှိရမှာ ဖြစ်တယ်။ ချစ်စရာသူတွေ ရှိထားရမှာဖြစ်တယ်။ ဒါကြောင့် သူမှာ ချစ်စရာရှိနိုင်ဖို့ စကြာဝဠာ၊ ကမ္ဘာ နဲ့ လူကို ဖန်ဆင်းထားတယ် မဟုတ်ဘူးလား။ ဒါဆို လူတွေ မရှိခင်တုန်းက ဘယ်သူ့ကို ချစ်မှာလဲ။ သူ့ကိုယ်သူပဲ ချစ်ရမှာလား။ ဒါကြောင့် ပြောတာပေ့ါ ဘုရားတစ်ဆူတည်းမှာ ချစ်လို့ရမည့်ဆက်ဆံရေး ရှိကိုရှိရမယ်။ အဲဒါကတော့ ပုဂ္ဂိုလ် သုံးပါးပါပဲ။ ဟုတ်တယ်လေ ပုဂ္ဂိုလ်က တစ်ပါးတည်းရှိရင် သူ့မှာ ဘယ်သူ့ကို ချစ်ရတော့မှာလဲ။ ဒါကြောင့် ခရစ်ယာန်ဘာသာက ဘုရားကို ဘုရားတစ်ဆူတည်းမှာ ပုဂ္ဂိုလ် သုံးပါးရှိတယ်လို့ သင်ပေးပါတယ်။

ဒီအယူဝါဒက ကိုယ့်ဖါသာကို ထွင်ထားတာမဟုတ်ဘူး။ ဧဝံဂေလိကျမ်းထဲမှာ ပါတဲ့အတိုင်း ပုဂ္ဂိုလ်သုံးပါး အယူဝါဒ ရှိလာတာပါ။ ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာထဲကအတိုင်း "ဘုရားက လောကသားတွေကို ချစ်လွန်းလို့ သားတော်ကို စေလွှတ်တော်မူတယ်" ဒါဆိုရင် ဘုရားမှာ ခမည်းတော်ဘုရား၊ သားတော်ဘုရားဆိုတာ ရှိလို့ပေ့ါ။ နောက်ပြီး သားတော် ယေဇူးဘုရားရှင်ကလည်း သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို စေလွှတ်မယ်လို့ ဂတိထားတဲ့အတိုင်း သန့်ရှင်းသောဝိညာဉ်တော်ဘုရားက ယုံကြည်သူတွေအပေါ် ဆင်းကြွလာတာကို တမန်တော်ဝတ္ထုမှာ ဖတ်ရပါတယ်။

ပုဂ္ဂိုလ်သုံးပါးက တစ်ပါးနဲ့တစ်ပါး ကွာခြားပေမဲ့ သုံးပါးဟာ တစ်စိတ်တစ်သဘောတည်း ညီညွတ်စွာ တည်ရှိကြတယ်။ ကျနော်တို့လည်း တစ်ယောက်နဲ့ တစ်ယောက်ဟာ မတူညီကြပေမဲ့ တစ်ယောက်ကိုတစ်ယောက် ချစ်နိုင်ရပါမယ်။ညီညွတ်နိုင်ကြရပါမယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံလည်း

ပြိုင်ဘက်/ ရန်ဘက်လို့ မမြင်ရပဲ တစ်နိုင်ငံရဲ့ကောင်းကျိုးအတွက် ဝိုင်းဝန်းကူညီတတ်တဲ့ ဘုရားရဲ့သားသမီးတွေ ဖြစ်ရပါမယ်။ လူတိုင်းက ဘုရားကို စံထားပြီး လိုက်ကျင့်ရပါမယ်။ ဒါကြောင့် ယေရှုဘုရားရှင်က "အကြီးမြတ်ဆုံးပညတ်တော်သည်ကား အိုအစ္စရာအဲလ်လူမျိုး၊ နားထောင်လော့။ ငါတို့၏ဘုရားဖြစ်တော်မူသော ထာဝရဘုရားသခင်သည် တစ်ဆူတည်းသောဘုရားဖြစ်တော်မူ၏။ သင်၏အရှင် ဘုရားသခင်ကို သင်၏နှလုံးအကြွင်းမဲ့ စိတ်အားရှိသမျှ၊ ဥာဏ်အားရှိသမျှ၊ ခွန်အားရှိသမျှ ချစ်လော့။ ဒုတိယပညတ်သည်ကား ဤသို့လာ၏။ သင်နှင့် နီးစပ်သောသူကို သင့်ကိုယ်သင် ချစ်သကဲ့သို့ ချစ်လော။ ဤပညတ်တို့ထက်သာ၍ ကြီးမြတ်သောပညတ် မရှိ။" ဘုရားကို ကိုးကွယ်ဖို့ နာခံဖို့ထက် အရေးကြီးတာ ဘာမျှ မရှိတော့ပါဘူး။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။